ပုံစံ(၁၁)

## နုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

## ခုံအဖွဲ့

၂၀၁၇ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၇၄/၂၀၁၇)

| | |
|---|---|
| Mr. Ha Xianzhong (အလုပ်ရှင်) ဦးခင်မောင်ဦး (နယ်တာဝန်ခံ) (အလုပ်ရှင်၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)၊ ASAHI FAN GARMENT (MYANMAR) CO.,LTD၊ အမှတ် (၂၄)၊ မြေတိုင်းရပ်ကွက် အမှတ်(၁၁၂)၊ ဒဂုံအရှေ့စက်မှုဇုန်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဒေါ်မြတ်ကေသွယ်၊ ရဲရန်အောင်(၂)လမ်း၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံအရှေ့စက်မှုဇုန်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၁၂)၊ အမှတ်(၂၄) ရှိ ASAHI FAN GARMENT (MYANMAR) CO.,LTD အလုပ်ရှင် Mr. Ha Xianzhong ၊ ဦးခင်မောင်ဦး (နယ်တာဝန်ခံ) (အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)နှင့် ဒေါ်မြတ်ကေသွယ်တို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိ သဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ နုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် (၁၀၀/၂၀၁၇)အရ ထိုအငြင်း

ပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ၊ ၁၇ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၂။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ ဒေါ်မြတ်ကေသွယ်မှ တောင်းဆိုခြင်းခံရသူ Mr. Ha Xianzhong (အလုပ်ရှင်)ထံတွင် အလုပ်ထုတ်ခံရသဖြင့် နို့တစ်ကြေးရလိုကြောင်း တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၃။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁) ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူ Mr. Ha Xianzhong အလုပ်ရှင်၏ ကိုယ်စား ဦးခင်မောင်ဦး (နယ်တာဝန်ခံ) (အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)မှ အောက်ပါကောက်ချက်အမှတ်(၁)ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကိုကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်မှထုတ်ပယ်ခဲ့သဖြင့် နို့တစ်ကြေးပေးသင့်/ မသင့်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** Production Manager ဒေါ်မြတ်ကေသွယ်အား ဆုံးဖြတ်ချက်ချသည့်နေ့မှ ၇ ရက်အတွင်း အလုပ်ပြန်လည်ဝင်ရောက်ခွင့်ပြုရန်၊ ၈-၈-၂၀၁၇ ရက်နေ့မှ ပြန်လည်ခန့်ထားသည့်နေ့အထိ ကြားကာလနစ်နာကြေး ထုတ်ပေးရန် ဆုံးဖြတ်သည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၁၀၀/၂၀၁၇)ဆုံးဖြတ်ချက် အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် အလုပ်ရှင်၏ကိုယ်စား ဦးခင်မောင်ဦး (နယ်တာဝန်ခံ) (အလုပ်ရှင်၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)မှ ခုံသမာဓိကောင်စီသို့ လျှောက်ထားခဲ့ရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၈၁/၂၀၁၇)ဖြင့် ခုံသမာဓိကောင်စီ အမှုအမှတ် (၇၄/၂၀၁၇) အား ကြားနာစစ်ဆေးမည့် အစိုးရကိုယ်စားလှယ် ဦးသောင်းစိန်၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးထွန်းအောင်၊ အလုပ်သမားကိုယ်စားလှယ် ဦးမောင်မောင်အေးတို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၅။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အမှုတွဲကိုလက်ခံရရှိပြီးနောက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့နှင့် ခုံသမာဓိအဖွဲ့၏မှတ်တမ်းများ၊ တင်ပြလာသောစာရွက်စာတမ်းများ၊ အထောက်အထား သက်သေခံများ၊ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာများ၊ အလုပ်သမား၏ ထွက်ဆိုချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်းကောက်ချက်ရေးဆွဲပြီး စီရင်ဆုံးဖြတ်လိုက်သည်-

ကောက်ချက်အမှတ်(၁)။ အလုပ်မှထုတ်ပယ်ခဲ့သဖြင့် နို့တစ်ကြေးပေးသင့်/မပေးသင့်။

**စစ်ဆေးချက်**

၆။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် ချိန်းဆိုထားသည့် (၁၅-၁၁-၂၀၁၇) ရက်နေ့တွင် နှစ်ဦးနှစ်ဖက်တို့ကို တွေ့ဆုံရန် ချိန်းဆိုခဲ့သော်လည်း အလုပ်ရှင်ကိုယ်စား ဦးခင်မောင်ဦး(နယ်တာဝန်ခံ) (အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ) သည် ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ ၎င်းကိုယ်တိုင် ခုံသမာဓိကောင်စီသို့ စာအားဖြင့် လျှောက်ထားတင်ပြခဲ့သော်လည်း ချိန်းဆိုသည့်ရက်၊ အချိန်တို့တွင် လာရောက်တွေ့ဆုံ ထွက်ဆိုရှင်းလင်းခြင်းမရှိဘဲ ဟသ်ာတမြို့သို့ ခရီးလွန်ရောက်ရှိနေကြောင်းကို မိမိတို့ရုံးအဖွဲ့မှ အဆင့်ဆင့်ဆက်သွယ်ဆောင်ရွက်ပြီးမှသာ သိရှိကြသည်ဖြစ်၍ ၎င်းသည် ၎င်း၏အမှုကိစ္စကို အလေးထားခြင်းမရှိကြောင်းပေါ်လွင်သဖြင့် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့ဝင် များ၏ ညှိနှိုင်းဆုံးဖြတ်ချက်ဖြင့် ယခုအမှုကို မပျက်မကွက်လာရောက်ထွက်ဆိုသည့် အလုပ်သမား ဒေါ်မြတ်ကေသွယ်၏ ထွက်ဆိုချက်ကို ရယူခဲ့ပြီး၊ ၎င်း၏လျှောက်ထားချက်များ မှန်/မမှန်ကို အဆင့်ဆင့်သော ရုံးအသီးသီးတို့တွင် ထွက်ဆိုခဲ့သည်များကို အခြေပြုခဲ့ပါသည်။ အလုပ်သမား ဒေါ်မြတ်ကေသွယ်သည် လက်ရှိအလုပ်မှရပ်စဲထားသဖြင့် အလုပ်လက်မဲ့အဖြစ် (၃)လခန့်ရှိပြီဖြစ်၍ စားဝတ်နေရေးအခက်အခဲရှိနေပြီး၊ အလုပ်ရှင်မှ နို့တစ်တစ်စုံတစ်ရာမပေးဘဲ အလုပ်ရပ်စဲခဲ့သည်ဖြစ်၍ သိက္ခာပိုင်းအရသော်လည်းကောင်း၊ ဝင်ငွေလစာအရလည်းကောင်း များစွာထိခိုက်နေ၍ လူမှုရေးအရ ဆုံးရှုံးမှုဖြစ်နေသဖြင့် ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ကို လေးစားလိုက်နာမည်ဖြစ်ပါကြောင်း ထွက်ဆိုခဲ့ပါသည်။

**သုံးသပ်ချက်**

၇။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ တိုင်းဒေသကြီးခုံသမာဓိအဖွဲ့ အသီးသီးတို့ထံတွင် ထွက်ဆိုခဲ့ကြသော ထွက်ဆိုချက်များကို အခြေပြု၍ ယခုအမှုသည် အလုပ်ရှင်၏ ကိုယ်စား ဆောင်ရွက်နေသူ ဦးခင်မောင်ဦးအနေဖြင့် စီမံခန့်ခွဲမှုဆိုင်ရာအားနည်းချက် လွန်စွာရှိကြောင်း သုံးသပ်ပါသည်။ လုပ်ထုံးလုပ်နည်းများအရ ယခုခေတ်ကဲ့သို့ ဆက်သွယ်ရေးကောင်းမွန်နေသည့် အချိန်အခါကာလတွင် အလုပ်သမား ဒေါ်မြတ်ကေသွယ်သည် ဖုန်းဖြင့် ၎င်းထံသို့ ခွင့်ယူရန်အတွက် တိုင်ကြားခဲ့သည်ကို သိရှိကြောင်း၊ မငြင်းသာသဖြင့် အလုပ်မှအလွယ်တကူ ရပ်စဲထုတ်ပယ်ရန် မသင့်ဟု သုံးသပ်ပါသည်။ ပျက်ကွက်ရက်ရှိပါကလည်း လုပ်သက်နှင့် ခွင့်ဥပဒေနှင့်အညီ ခံစားခွင့်မပြုနိုင်ပါကလည်း လစာမဲ့ခွင့်သတ်မှတ်ပြီး အလုပ်ရှင်မှ ထိုက်သင့်သလို ဆောင်ရွက်နိုင်သည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ယခုကဲ့သို့ အလုပ်သမား ဒေါ်မြတ်ကေသွယ်မှ အလုပ်ရှင်၏ အခွင့်ရကိုယ်စားလှယ်ဖြစ်သူ

ဦးခင်မောင်ဦးထံသို့ မိမိ၏နေမကောင်းမှုကို ခွင့်ပြုနိုင်ပါရန် တင်ပြခဲ့သော်လည်း နေ့တစ်တစ်စုံတစ်ရာ ပေးခြင်းမပြုဘဲ အလုပ်မှရပ်စဲခဲ့သည်မှာ မသင့်ပါ။ အလုပ်ရှင်ထံ အကျိုးအကြောင်းတင်ပြပြီး သတိပေးချက်ခံဝန်ချက်များပြုလုပ်၍ အလုပ်ကိုထိခိုက်မှုမှ ရှောင်လွှဲနိုင်သော နည်းလမ်းများစွာရှိနေပါသည်။ ယခုဖြစ်စဉ်အရ အလုပ်သမား ဒေါ်မြတ်ကေသွယ်သည် မူလအလုပ်အကိုင်လုပ်ငန်းခွင်တွင်းသို့ ပြန်လည်ဝင်ရောက်ပါကလည်း လုပ်ငန်းခွင်ဆက်ဆံရေးမပြေလည်ဘဲ ကြီးစွာသောအငြင်းပွားမှုများကို ထပ်မံဖြစ်ပွားလာနိုင်သည်ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် ပြင်ဆင်မှုပြုရန် စဉ်းစားဖွယ်ရာ၊ သုံးသပ်ဖွယ်ရာအချက်များစွာ ပေါ်ပေါက်လာစေခဲ့ပါသည်။ အလုပ်သမား ဒေါ်မြတ်ကေသွယ်၏ တောင်းဆိုချက်မှာလည်း နေ့တစ်တစ်စုံတစ်ရာမပေးဘဲ အလုပ်ရပ်စဲခဲ့သည်ဖြစ်၍ လူမှုရေးအရ လွန်စွာဒုက္ခရောက်နေကြောင်းနှင့် ခုံသမာဓိကောင်စီ၏ ဆုံးဖြတ်ချက်ကို လိုက်နာမည်ဖြစ်ကြောင်း ထွက်ဆိုကတိပြုခဲ့သည်ဖြစ်၍ အောက်ပါဆုံးဖြတ်ချက်ကို ချမှတ်နိုင်ရန် အဖက်ဖက်မှစဉ်းစားသုံးသပ်ခဲ့ပါသည်။ ခုံအဖွဲ့သည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး နည်းဥပဒေ ၂၃ (က) အရ **"သက်ဆိုင်ရာအငြင်းပွားသူများကို ကြားနာလိုက ကြားနာစစ်ဆေးခြင်း သို့မဟုတ် ကြားနာစစ်ဆေးခြင်းမပြုဘဲ အငြင်းပွားမှုကို ဆုံးဖြတ်ခြင်းပြုနိုင်သည်"** ဟူသောအချက်ကို ကျင့်သုံးလျက်လည်းကောင်း၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၄၅ အရ **"မည်သူမျှ ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံအဖွဲ့၏ ရှေ့မှောက်တွင် စစ်ဆေးခံရန် အကြောင်းကြားစာ ပေးပို့ခံရပါက သတ်မှတ်ထားသည့် အချိန်အတွင်း၌ ကိုယ်တိုင်လာရောက်ရန်ဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်စေလွှတ်ရန်ဖြစ်စေ ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ပျက်ကွက်ခြင်းမရှိစေရ"** ဟုလည်းကောင်း၊ ပုဒ်မ ၃၈ အရ **"မည်သည့်အလုပ်ရှင်မှ တောင်းဆိုတိုင်ကြားချက်နှင့်စပ်လျဉ်း၍ သတ်မှတ်ကာလအတွင်း ဆွေးနွေးညှိနှိုင်းဖြေရှင်းရန် ခိုင်လုံသောအကြောင်းမရှိဘဲ ပျက်ကွက်ခြင်း မရှိစေရ"**ဟူသောအချက်တို့ကို လိုက်နာရန်လိုအပ်သည်ဖြစ်၍ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသဖြင့် လျှောက်ထားတောင်းဆိုသူ အလုပ်ရှင်၏ ကိုယ်စားလှယ် ဦးခင်မောင်ဦးသည် စာဖြင့်လည်းကောင်း ကြိုတင်၍ ညှိရုံးသို့ချိန်းဆိုသည့်ရက်ကို ပြောင်းလဲပေးရန် အကြောင်းကြားမှု မရှိခဲ့သည်ဖြစ်၍ မိမိတို့ ခုံအဖွဲ့အနေဖြင့် လျှောက်ထားလွှာတင်သွင်းသူ အလုပ်ရှင်၏ကိုယ်စားလှယ် ဦးခင်မောင်ဦးသည် အမှုကိစ္စကို အလေးထားမှုမရှိသော်ငြားလည်း အငြင်းပွားမှုအမြန်ဆုံး ပြေငြိမ်းစေရန်အတွက် နစ်နာသူအလုပ်သမား ဒေါ်မြတ်ကေသွယ်၏ တောင်းဆိုချက်နှင့် ထွက်ဆိုချက်များမှာ အဆင့်ဆင့်သောရုံးတို့တွင် ရှေ့နောက်ညီညွတ်မှုရှိသည်ဖြစ်၍ ဥပဒေကြောင်းအရ မှားယွင်းဆန့်ကျင်မှု မရှိသဖြင့် နေ့တစ်ကြေး တစ်လစာနှင့်ညီမျှသော ကျပ် ၈၅၀၀၀၀/-(ကျပ်ရှစ်သိန်းငါးသောင်းတိတိ)ကို လူမှုရေးအထောက်အပံ့အလို့ငှာ ခံစားခွင့်ပြုသင့်ကြောင်း သုံးသပ်ပါသည်။ သို့ဖြစ်၍ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၃ (င) အရ ကျင့်သုံးလျက် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို အောက်ပါအတိုင်း ပြင်ဆင်ဆုံးဖြတ်လိုက်သည်-

ဆုံးဖြတ်ချက်အမှတ်(၁)။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ (၁၇-၁၀-၂၀၁၇) ရက်စွဲပါ ဆုံးဖြတ်ချက်ကိုပယ်ဖျက်၍ အလုပ်ရှင်က အလုပ်သမားအား နှိုတစ်ကြေး တစ်လစာနှင့်ညီမျှသော လုပ်မှုရေးထောက်ပံ့ငွေ ကျပ် ၈၅၀၀၀၀/- (ကျပ်ရှစ်သိန်းငါးသောင်းတိတိ)ကို ခံစားခွင့်ပြုရန် ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၈။ အထက်ပါဆုံးဖြတ်ချက်အရပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀ အတွင်း ပေးရမည်။ ငွေပေးရန်ပျက်ကွက်လျှင် အဆိုပါငွေကို အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး နည်းဥပဒေ ၂၉ အရ မြေခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

ဦးထွန်းအောင်
အဖွဲ့ဝင်

ဦးသောင်းစိန်
ဥက္ကဋ္ဌ

ဦးမောင်မောင်အေး
အဖွဲ့ဝင်